# Twenty-Second Sunday in Ordinary Time (C)

**1st READING:** ***Sirach 3:17-18, 20, 28-29***
ဆီရပ်ခ်၏နီတိဒေသနာကျမ်း ၃း ၁၇–၁၈၊ ၂၀၊ ၂၈–၂၉

ငါ့သား သင်၏ အပြုအမူတို့ကို နှိမ့်ချစွာ ပြုမူဆောင် ရွက်လော့၊ ပေးကမ်းစွန့်ကြဲသော အလှူရှင်ထက်ပို၍သင့်ကိုချစ်မြတ်နိုးကြလိမ့်မည်။သင်သည်ပို၍ကြီးမြတ်လေပို၍နှိမ့်ချရန်လိုအပ်လေဖြစ်သည်။သို့မှသာဘုရားသခင်၏ရှေ့မှာသင်သည်မျက်နှာရလိမ့်မည်။အကြောင်းမူကားကိုယ်တော်၏ဘုန်းတန်ခိုးတော်သည်အလွန်ကြီးမား၍နှိမ့်ချသောသူများသည်သာ ကိုယ်တော်ကိုဂုဏ်ပြုကြ၏။ အပြစ်တစ်ခုပေါ်တစ်ခုထပ်၍ဆင့်လိမ့်မည်။ မောက်မာထောင်လွှားသောသူ၌ စွဲကပ်သောရောဂါဝေဒနာကိုကုသရန်ဆေးမရှိပေ၊သူ၌မကောင်းမှုသည်အမြစ်တွယ်လျက်ရှိသောကြောင့်ဖြစ်၏။ပညာရှိသူသည်စကားပုံတို့ကို ဆင်ခြင်သုံးသပ်၍ဂရုတစိုက်နားထောင်ခြင်းသည် ပညာရှိ၏ လိုအင်ဆန္ဒပင် ဖြစ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm     Psalms 68:4-5, 6-7, 10-11

ဆာလံကျမ်း ၆၈

**သံပြိုင်။** ။ အိုဘုရားသခင်၊ ကိုယ်တော်သည်ချို့တဲ့သောသူတို့အားကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းဖြင့်ဖူလုံစေ တော်မူခဲ့၏။

R. **God, in your goodness, you have made a home for the poor.**

၁။ ။ ဖြောင့်မတ်သောသူတို့မူကား၊ ပျော် ရွှင်မြူးတူးကြ၍၊ ဘုရားသခင်၏ရှေ့တော်တွင် ရွှင်လန်းဝမ်းမြောက်ကြပါစေ။သူတို့သည်ပျော်ရွှင်ကြည်နူး၍၊ မြူးတူးရွှင်လန်းကြပါစေ။ ဘုရားသခင်အား၊ သီဆိုဧကျူးကြလော့။ ကိုယ်တော်၏နာမတော်အားချီးမွမ်းသီဆိုကြလော့။ **(သံပြိုင်)**

The just rejoice and exult before God; they are glad and rejoice. Sing to God, chant praise to his name; whose name is the LORD.

၂။ ။ ဖတဆိုးတို့အတွက် ဖခင်၊ မုဆိုးမတို့အတွက် ကာကွယ်ရှင်ဖြစ်သူကား ကိုယ်တော်၏သန့်ရှင်းရာဌာန တွင် စံပယ်တော်မူသော ဘုရားသခင်ပေတည်း။ ဘုရားသခင်သည် အထီးကျန်ဖြစ်သူတို့အား မိသားစု များတွင် နေထိုင်စေတော်မူ၍၊ အကျဉ်းခံနေရသူများအား သီချင်းဆိုလျက် ထုတ်ဆောင်လာတော်မူ၏။ **(သံပြိုင်)**

The father of orphans and the defender of widows is God in his holy dwelling. God gives a home to the forsaken; he leads forth prisoners to prosperity.

၃။ ။ အို ဘုရားသခင် ကိုယ်တော်သည် မိုးများကိုလှိုင်လှိုင်ရွာသွန်းစေခဲ့ပြီး၊ ကိုယ်တော်၏နွမ်းရိနေသော အမွေခံအမွေစားတို့ကို ပြန်လည် လန်းဆန်းစေခဲ့ပါ၏။ ကိုယ်တော်၏လူမျိုးတော်သည် ထိုအရပ်၌ အခြေချခဲ့ကြ၏။ အို ဘုရား သခင်၊ ကိုယ်တော်သည် ချို့တဲ့သောသူတို့အား ကိုယ်တော်၏ ကောင်းမြတ်တော်မူခြင်းဖြင့် ဖူလုံစေ တော်မူခဲ့၏။ **(သံပြိုင်)**

A bountiful rain you showered down, O God, upon your inheritance; you restored the land when it languished; your flock settled in it; in your goodness, O God, you provided it for the needy.

## 2nd READING: *Hebrews 12:18-19, 22-24*

ဟီဘရူးဩဝါဒစာ ၁၂း၁၈–၁၉။၂၂–၂၄

ထိုမှတစ်ပါးသင်တို့သည်အစ္စရေးလ်လူမျိုးများကဲ့သို့အာရုံများနှင့်သိရှိနိုင်သောဆီနာတောင်သို့ရောက်ရှိနေကြသည်မဟုတ်ဆီနာတောင်တွင်၊မီးတောက်ခြင်း၊မှောင်မဲညိုမှိုင်းခြင်း၊မိုးသက်မုန်တိုင်းကျခြင်း၊တံပိုးခရာမှုတ်သံနှင့်ဗျာဒိတ်တော်အသံများထွက်ပေါ်လာခဲ့၏။ထိုအသံတော်ကိုကြားရသောသူတို့သည်ထပ်မံ၍မိန့်တော်မမူပါမည့်အကြောင်းတောင်းပန်ခဲ့ကြ၏။ထိုမြင်ကွင်းတစ်ခုလုံးသည်အလွန်ထိတ်လန့်ဖွယ်ကောင်းသဖြင့်၊မိုးဇက်ကငါသည်ကြောက်ရွံ့တုန်လှုပ်လျက်နေသည်ဟုဆိုခဲ့၏။သင်တို့သည်ဇိအုန်တောင်သို့လည်းကောင်းအသက်ရှင်တော်မူသောဘုရားသခင်၏မြို့တော်တည်းဟူသောအတိုင်းမသိများစွာသောကောင်းကင်တမန်တော်တို့စုဝေးရာကောင်းကင်ဂျေရုဆလင်မြို့တော်သို့လည်းကောင်းရောက်ရှိနေကြပြီဖြစ်၏။ သင်တို့အားလုံးသည်ကောင်းကင်ဘုံစာရင်းဝင်ဘုရားသခင်၏သားဦးများစုဝေးရာသို့ရောက်ရှိနေကြ၏။ သင်တို့သည်ခပ်သိမ်းသောလူတို့ကိုတရားစီရင်တော်မူသည့်ဘုရားသခင်၏အထံတော်သို့လည်းကောင်းစုံလင်ခြင်းသို့ရောက်ရှိကြသောဖြောင့်မတ်သူတို့၏ဝိညာဉ်များစံရာနေရာသို့လည်းကောင်းရောက်ရှိလျက်နေကြ၏။သင်တို့သည်ပဋိညာဉ်တော်သစ်တွင်ကြားဝင်ဖြန်ဖြေပေးတော်မူသောယေရှုးသခင်၏အထံတော်သို့လည်းကောင်း၊အေဘယ်၏သွေးထက်သာ၍အကျိုးရှိစွာတောင်းဆိုပေးသည့်ပက်ဖျန်းထားသောသွေးတော်ထံသို့လည်းကောင်းရောက်ရှိနေကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 14:1, 7-14***
ရှင်လုကာဧဝံဂေလိကျမ်း ၁၄း၁။ ၇–၁၄

ဥပုသ်နေ့တစ်နေ့၌ကိုယ်တော်သည်ဖါရီဇေဦးဖြစ်သောအကြီးအကဲတစ်ဦး၏အိမ်တွင်ညစာစားရန်ကြွဝင်တော်မူသောအခါ၊သူတို့သည်ကိုယ်တော့်ကိုအသေအချာစောင့်ကြည့်နေကြ၏။ထိုအချိန်၌ညစာစားသောက်ပွဲသို့ဖိတ်ကြားထားခြင်းခံရသောသူများသည်၊အကောင်းဆုံးသောနေရာများအားရွေးချယ်နေရာယူကြသည်ကိုကိုယ်တော်မြင်တော်မူလျှင်သူတို့အားဤပုံဥပမာစကားကိုမိန့်တော်မူ၏။သင်တို့သည်မင်္ဂလာဆောင်ပွဲသို့ဖိတ်ကြားခြင်းခံရသောအခါအကောင်းဆုံးသောနေရာများတွင်မထိုင်ကြနှင့်။အကယ်၍သင့်ထက်ဂုဏ်ရှိသောသူကိုလည်းဖိတ်ကြားထားခဲ့ပါလျှင်သင်တို့နှစ်ဦးစလုံးကိုဖိတ်ကြားခဲ့သောပွဲရှင်သည်သင့်ထံသို့လာ၍ဤသူအတွက်သင်၏နေရာကိုပေးပါဟုသင့်အားဆိုလိမ့်မည်။ထိုအခါသင်သည်အရှက်ရလျက်နိမ့်ကျသောနေရာကိုယူရလိမ့်မည်။ထို့ကြောင့်သင်သည်ဖိတ်ကြားခြင်းခံရသောအခါနိမ့်ကျသောနေရာတွင်သွား၍ထိုင်လော့။သို့မှသာဖိတ်ကြားသောသူသည်သင်ထံသို့လာ၍မိတ်ဆွေရှေ့သို့ကြွပါဟုသင့်ကိုပြောလိမ့်မည်။ထိုအခါသင်နှင့်အတူစားပွဲ၌ထိုင်သောသူတို့ရှေ့တွင်သင်သည်ဂုဏ်သရေရှိလိမ့်မည်။အကြောင်းမူကား၊မိမိကိုယ်ကိုချီးမြှောက်သောသူသည်နှိမ့်ချခြင်းခံရလိမ့်မည်။မိမိကိုယ်ကိုနှိမ့်ချသောသူသည်လည်းချီးမြှောက်ခြင်းခံရလိမ့်မည်။ထို့နောက်ကိုယ်တော်ကမိမိကိုဖိတ်ကြားသောသူကိုလည်းမိန့်တော်မူသည်ကား၊သင်သည်ညစာဖြစ်စေ၊နေ့စာဖြစ်စေကျွေးမွေးဧည့်ခံသောအခါသင်၏မိတ်ဆွေ၊ညီအစ်ကို၊ဆွေမျိုးနှင့်ချမ်းသာကြွယ်ဝသောအိမ်နီးချင်းများကိုမဖိတ်ကြားလေနှင့်။ထိုသို့ပြုလျှင်သူတို့သည်လည်းသင့်ကိုပြန်လည်ဖိတ်ကြား၍၊ကျေးဇူးတုန့်ပြန်ကြလိမ့်မည်။သို့ဖြစ်၍သင်သည်ပွဲကျင်းပသောအခါဆင်းရဲသောသူအင်္ဂါချို့တဲ့သောသူတို့ကိုဖိတ်ကြားလော့။ထိုကဲ့သို့ပြုလျှင်သင်သည်မင်္ဂလာရှိလိမ့်မည်။အကြောင်းမူကား၊ထိုသူတို့သည်သင့်ကိုကျေးဇူးတုံ့ပြန်ခြင်းမပြုနိုင်ကြသောကြောင့်ဖြစ်၏။ဖြောင့်မတ်သောသူတို့ရှင်ပြန်သောအခါ၌သင်သည်ကျေးဇူးတုံ့ပြန်ခြင်းခံရလိမ့်မည်ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။